# အသိနဲ့ အလိမ္မာ

အရှင်ကေလာသ
အောက်တိုဘာ ၁၁၊ ၂၀၁၅။

---

ဘုန်းဘုန်း ဘုရား၊ အသိနှင့် အလိမ္မာ တူပါသလား။ မေးခွန်းက အသုံးမတည့် အဓိပ္ပာယ်မဲ့ ဖြစ်သွားခဲ့ရင် တောင်းပန်ပါတယ် ဘုရား။

ကေသွယ်ဝင်း (မှော်ဘီ)

---

**အသိအလိမ္မာ**

စာပေ အဓိပ္ပာယ်ဖွင့်ဆိုချက် အရတော့ 'အသိ အလိမ္မာ ဉာဏ် ပညာ ဝိဇ္ဇာ အမောဟ'ဆိုတဲ့ စကား ခြောက်လုံးကို တွဲပြီးပြလို့ အသိနဲ့ အလိမ္မာ အတူတူလို့ ဆိုနိုင်ဖွယ် ရှိပါတယ်။ ဒါပေမယ့် နယ်ပယ်အလိုက် အရည်အချင်းတော့ ခြားနားနိုင်ပါတယ်။ သိတော့ သိတယ်၊ အဲဒီ အသိကို ကောင်းစွာ အသုံးမချတတ်ရင် အဲဒီအသိ အသုံး မတည့်ဘူး။ အလိမ္မာဆိုတာ သိတာကို လက်တွေ့ ကျွမ်းကျင်စွာ အသုံးချနိုင်တဲ့ အရည်အချင်း သဘောပါတယ်။ စာတွေ့နဲ့ ဆေးကုသနည်းကို သိနေပေမယ့် လေ့ကျင့် မထားရင် လူနာကို ရောဂါ ပျောက်အောင် မလုပ်ပေးနိုင်ဘူး။

**ထိုနှစ်မျိုးမဲ့ရင်**

ဒီယူဆပုံအရ အသိမရှိရင် အလိမ္မာဆိုတာ ပိုဝေးသွားတယ်။ သိလည်း မသိ၊ လိမ်လည်း မလိမ္မာရင် သူရော သူ့ပတ်ဝန်းကျင်ပါ အကောင်း မဖြစ်နိုင်ဘူး။ မျောက်ကို ဥယျာဉ်စောင့် ခန့်ကြည့်ပါလား။ အသိရှိရင် မလိမ္မာဘူး ဆိုတောင် အသိခံကြောင့် စဉ်းစားခြင်း ချင့်ချိန်ခြင်း ကိုယ်ချင်းစာ ညှာတာခြင်းဆိုတဲ့ လူ့အရည် အချင်းတွေနဲ့ နီးစပ်နိုင်သေးတယ်။ နှစ်မျိုးလုံး မရှိသူကတော့ ပြောလည်း မိုက်၊ လုပ်လည်း မလင်းတော့ဘူး။ ဓားဓားချင်း လှံလှံချင်းဆိုတာ ဒီလို လူမျိုးပေ့ါ။ 'ရှင်တစ်ဆူ လူတစ်ယောက်'ကို 'အမှိုက်သရိုက် ပုစ္ဆက်ဆိတ်'လို့ ဆိုရဲတာ ဒီလိုလူမျိုးပေ့ါ။

**အရည်အချင်း**

'ကြိုက်လတ်တုံမူ တုံ့မယူလို'လို့ ဆိုဆဲ 'ရေပုံးပေါက်တာ ငါ မလို၊ ရေပါတာပဲ ငါလိုချင်တယ်' ဆိုလိုက်တော့ အလင်းနဲ့ အမှောင် ဘယ်လောက် ကွာသွားသလဲ။ ဆင်ပြောင်ကြီးကို တစ်တောင်လောက် ရှည်တဲ့ ချွန်းလေးနဲ့ နိုင်းစားနိုင်တာ လူ့အသိ အလိမ္မာရဲ့ စွမ်းပကားပဲ။

**မီ.ရတ္တု ၀တ ရေ အညာဏံ = ထွိ .. လောကသားတို့ မသိခြင်းဟာ ရွံစရာ အစစ်ကြီးပဲ (ဝိ-၄ ၁၊ ၁၃၇)။**

အလိမ္မာဆိုတာ အကောင်းသဘော ဆောင်တယ်။ ကိုယ် နိုင်အောင်လို့ ပညာ ရာထူး အာဏာ အရှိန်နဲ့ ညစ်တာမျိုးကျတော့ ကောက်ကျစ်ခြင်းလို့ ဆိုပြန်မှာပေ့ါ။ မသိပေမယ့် ရိုးသားခြင်း၊ လိမ္မာပေမယ့် ညစ်ပတ်ခြင်း မရှိရင် လူတွေ လေးစားတဲ့ လူ့အဆင့် မီပါသေးတယ်။

**ခြားနားချက်**

'သိမှ သိမသိကို သိသည်၊ မသိက သိမသိကို မသိ။ ဘာမှန်းမှ မသိ။ သို့ဖြစ်ဘိ၍ သိချင်သော အာသာဖြင့် သုတကို ရှာရသည်။ သုတရှိမှ အသိကို ရသည် (ပရမတ္ထစက္ခုကျမ်း)'ဆိုတဲ့ ဒီပဲရင်း ဆရာတော်ရဲ့ အလိုအရ အသိကို သင်ယူလေ့လာသိ ဗဟုသုတ လို့ယူပြီး အလိမ္မာကိုတော့ ဆင်ခြင်တုံတရားလို့ ယူရင် မဆိုးပါဘူး။ ကြယ်လို လင်းလက်တဲ့ အသိပညာကို ရယူနိုင်ပါစေ။ ❐